# ချင်းအမျိုးသားတပ်ဦး ဥက္ကဋ္ဌ ပူးသောမတ်စ် ထန်နီး၏
# အနှစ် (၆၀) ပြည့် ချင်းအမျိုးသားနေ့ သဝဏ်လွှာ
# ဖေဖော်ဝါရီလ ၂၀၊ ၂၀၀၈

ချင်းအမျိုးသားအပေါင်းတို့ခင်ဗျား၊

အနှစ် (၆၀) ပြည့် ချင်းအမျိုးသားနေ့ အခါသမယတွင် ရောက်လေရာ နေရာတိုင်းမှ ဤ နေ့ထူးနေ့မြတ်အား အမျိုးသားနိုင်ငံရေး အနှစ်သာရပြည်ဝစွာ ပါဝင်ဆင်နွှဲကြသည့် ချင်းအမျိုးသားအားလုံးကို နှုတ်ခွန်း ဆက်သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ကျွန်ုပ်တို့ ချင်းအမျိုးသားများသည် အင်္ဂလိပ်လက်အောက်သို့ မကျရောက်ခင်အထိ မည်သည့်တိုင်းတပါး၏ လက်အောက်ခံမှုမဖြစ်ခဲ့ပဲ ခေတ်အဆက်ဆက် မိမိတို့ကိုမိမိတို့ အုပ်ချုပ်နေထိုင် လာခဲ့ကြသော လွပ်လပ်သည့် လူမျိုးတမျိုးဖြစ်သည်။ မိမိတို့ အမျိုးသားကံကြမ္မာကို မိမိတို့ အချုပ်အနှောင်မရှိ၊ လွတ်လွတ်လပ်လပ် ဖန်တီးခဲ့ကြပြီး ချင်းလူမျိုး၏ အမျိုးသားကံကြမ္မာကို လွတ်လပ်စွာဆုံးဖြတ်ခဲ့ကြသည်။ ကမ္ဘာပေါ်ရှိလူမျိုးပေါင်းစုံကြားတွင် ချင်းလူမျိုးဟူ၍ လူမျိုးအင်္ဂါမပြောက် ယနေ့တိုင်ခိုင်မြဲစွာ ရပ်တည်နိုင်ခြင်းသည် ချင်းလူမျိုးတို့၏ အမျိုးသားနိုင်ငံရေး နိုးကြားမှုမြင့်မားခြင်း၊ မျိုးချစ်စိတ်ဓါတ်ပြင်းပြခိုင်မာခြင်း၊ ကြွယ်ဝမွန်မြတ်သော ချင်းဓလေ့ထုံးတမ်းစဉ်လာ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားများရှိခြင်းနှင့် အမိချင်းလဲန်းအပေါ် ချင်းအမျိုးသားများက မြတ်နိုးခြင်း၊ တန်ဖိုးထားခြင်း၊ သိစ္စာရှိခြင်းတို့ကြောင့် ဖြစ်ပေသည်။ ထိုသို့သော စိတ်ဓါတ်များဖြင့် လူမျိုးတမျိုး၏ ဂုဏ်အင်္ဂါ ရပ်များ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းတပါးတို့၏ နယ်ချဲ့ကျူးကျော်မှုရန်များကို ဘိုးဘွားစဉ်ဆက် အသက် ပေါင်းများစွာ စတေးကာ ခုခံကာကွယ် တိုက်ထုတ်ခဲ့ကြပါသည်။

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံကို စတင်တည်ထောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသော ချင်းလူမျိုးများသည် ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရရှိ ကျင့်သုံးရေးနှင့် ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် သမိုင်းဝင်ပင်လုံစာချုပ်ကို လက်မှတ် ရေးထိုးခဲ့ကြသော်လည်း၊ မဟာဗမာလူမျိုးကြီးဝါဒီ လူတစု၏ လက်တလုံးခြား နိုင်ငံရေးလှည့်စားမှုနှင့် အစွန်းရောက် စစ်အာဏာရှင် လူတစု၏ အဓမ္မအာဏာ သိမ်းယူခြင်းတို့ကြောင့် ချင်းလူမျိုးတို့သည် မွေးရာပါ လူ့အခွင့်အရေးများနှင့်အတူ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ ဒီမိုကရေစီအခွင့်အရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခွင့် အရေးများအပြင် လူမျိုးတမျိုးအနေဖြင့် ရပ်တည်နိုင်ရေးအထိပါ ဆုံးရှုံးထိခိုက်လာနိုင်သည့် အခြေအနေသို့ ဆိုက်ရောက်လာခဲ့သည်။ ထိုသို့သော အခြေအနေဆိုးမှ လွတ်မြောက်နိုင်ရန် ချင်းလူမျိုးများသည် နိုင်ငံရေးနည်းလမ်းမျိုးစုံဖြင့် အစွမ်းကုန်ကြိုးစားခဲ့ကြသော်လည်း လက်နက်အားကိုးဖြင့် ရမ်းကားနေသူများ၏ ဖမ်းဆီးထောင်ချ၊ ညှင်းပန်း နှိပ်စက်သတ်ဖြတ်ခြင်းတို့သာ ခံစားခဲ့ကြရသည်။

ထို့ကြောင့် နိုင်ငံရေးနည်းလမ်းဖြင့် ပြဿနာ၏ အဖြေကိုရှာမရနိုင်သည့်အဆုံးတွင် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ကာ အမျိုးသားရေးဆိုင်ရာ အခွင့်အရေးများ ပြန်လည်ရရှိရေးအတွက် ချင်းအမျိုးသားတော်လှန်ရေး အဆက်ဆက်ကို ဆင်နွှဲလာခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားတော်လှန်ရေး အောင်မြင်နိုင်ရေးအတွက် အမျိုးသားရေးအသိရှိသော ချင်းလူမျိုးတိုင်းတွင် အမျိုးသားရေးတာဝန် ကိုယ်စီရှိကြပါသည်။ ဤကဲ့သို့ ချင်းတမျိုးသားလုံးတိုးတက်ရာ တိုးတက်ကြောင်းအတွက် နိုင်ငံရေး လိုအပ်ချက်များကို အဖက်ဖက်မှ ဖြည့်ဆည်းလုပ်ဆောင်ခြင်းသည် ချင်းအမျိုးသားနိုင်ငံရေးကို လုပ်ဆောင်ခြင်းပင် ဖြစ်ပါသည်။

ယနေ့တွင် ကျရောက်သော အနှစ် (၆၀) ပြည့် ချင်းအမျိုးသားနေ့ အခါသမယတွင် မိမိတို့၏ ဓလေ့ထုံးတမ်း စဉ်လာတရပ်ဖြစ်သော စုပေါင်းအားဖြင့်အမျိုးသားဘုံရန်သူကို တိုက်ခိုက်ချေမှုန်းပြီး အမျိုးသားဂုဏ်သိက္ခာကို ထိမ်းသိမ်းစောင့်ရှောက်ကြပါရန် သတိပေးလိုပါသည်။ တချိန်တည်းတွင် ကမ္ဘာ့အနှံ့ရှိ ချင်းလူမျိုးများအားလုံး မိမိတို့ရောက်လေရာနေရာတိုင်း၌ ချင်းအမျိုးသားနေ့ကို အမျိုးသား စည်းလုံးညီညွှတ်မှု ပြန်လည်ဖော်ဆောင်သည့် အနေဖြင့်သော်၎င်း၊ အမျိုးသားရေးတည်တံ့ခိုင်မြဲခြင်း ကိုထင်ဟပ်စေသည့် အသွင်အားဖြင့်သော်၎င်း၊ အမျိုးသား ရေးအသိတရား တိုးတက်ဖွံ့ဖြိုးမှုပေါ်လွင် စေသည့် အထိမ်းအမှတ် စသည်အားဖြင့် အနှစ်သာရရှိရှိ ကျင်းပ ကြပါရန် တိုက်တွန်းအပ်ပါသည်။

ချင်းလူမျိုးများသည် ဆိုးရွားညံ့ဖျင်းသော စစ်အုပ်ချုပ်မှုစနစ်ကြောင့် မိမိတို့၏ အခြေခံလူ့အခွင့်အရေး များကို လက်လွှတ်ဆုံးရှုံး ခဲ့ရသည်သာမက လူမျိုးတစ်မျိုးအနေဖြင့် ဆက်လက်ရပ်တည်နိုင်ရေးကိုပါ အန္တရယ်ပြု လာသည့် စီးပွားရေးကပ်ဆိုးတွင်းမှ လွတ်မြောက်နိုင်ရန် ချင်းလူမျိုးမြောက်မြားစွာသည် နိုင်ငံရပ်ခြား တိုင်းပြည် များသို့ တိမ်းရှောင်ထွက်ခွါနေကြသည်။ ချင်းအမျိုးသားများ ရသင့်ရထိုက်သော အခြေခံအခွင့်အရေးများမရရှိ နိုင်ခြင်းနှင့် အမျိုးသားနိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ မဖြေရှင်းနိုင်ခြင်း သည်ကျွန်ုပ်တို့ ယနေ့ရင်ဆိုင် ကြုံတွေ့ နေရသည့် ပြဿနာအားလုံး၏ အရင်းအမြစ်ဖြစ်ပေရာ၊ နိုင်ငံ ရပ်ခြားသို့ တိမ်းရှောင်ထွက်ခွါနေခြင်းသည် ချင်းအမျိုး သားတရပ်လုံး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး စသည့်ပြဿနာပေါင်းစုံမှ လွတ်မြောက်ရေး လမ်းကြောင်း မဟုတ်သည်ကို ကျွန်ုပ်တို့နားလည် သဘောပေါက်သင့်ပြီဖြစ်သည်။ ချင်းလူမျိုးတို့၏ စုပေါင်းအားဖြင့် အောင်ပွဲခံကြသည့် ရိုးရာအစဉ်အလာအတိုင်း မိမိတို့ယနေ့ရင်ဆိုင်တွေ့ကြုံရသော ပြဿနာ ပေါင်းစုံကို စည်းလုံးခြင်းအင်အားဖြင့် အမိမြေ ချင်းလဲန်အတွင်းမှ အင်အားစုစည်းကာ နည်းလမ်းသစ်များ ဖန်တီး ရှာကြံပြီး ရင်ဆိုင်ဖြေရှင်း သင့်ပြီဖြစ်သည်။

ထို့အပြင် ယခုနှစ်တွင် ဂါးသုဉ်းမှုကပ်ကြောင့် ချင်းလဲန်းအတွင်းရှိ ချင်းပြည်သူလူထု လေးပုံတပုံကျော် သည်ဝတ် မွတ်ခေါင်းပါးမှုဒါဏ်ကို အလူးအလဲရင်ဆိုင်နေကြပါသဖြင့် ဒုက္ခကြုံတွေ့နေရသော ညီအစ်ကို ချင်းအမျိုးသား ပြည်သူများကို ပြည်တွင်းပြည်ပရှိ ချင်းလူမျိုးများအားလုံးက တတ်နိုင်သရွေ့ ကူညီပံ့ပိုး ကယ်တင်ကြရန် လိုအပ် လှပါသည်။ မိမိတို့အမျိုးသားညီအကိုများ အသက်ရှင်ရပ်တည်နိုင်ရေးကို မိမိတို့ ချင်းအမျိုးသားများက အလေး မထားအာရုံမစိုက်ကြလျှင် မည်သည့်တိုင်းတပါးလူမျိုးခြားကမျှ အာရုံစိုက်ကာ အကူအညီများပေးမည်မဟုတ်ပေ။ နအဖ စစ်အုပ်စုသည် ငတ်မွတ်ပေါင်းပါးမှု ပြဿနာကို ဖြေရှင်းရန် အစီအစဉ်မရှိသည့်အပြင် ငတ်မွတ်ခေါင်းပါး နေသည့် ချင်းအမျိုးသားများကို ဆက်ကြေး တောင်း၊ ရိက္ခာတောင်း၊ ပေါ်တာဆွဲစသည့် လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးမျိုးဖြင့် ဆက်လက်ညှင်းပန်းနှိပ်ဆက်လျှက်ရှိသည်။ မတရားအခွန်များကိုလည်း ကောက်ခံ ကြသဖြင့် ငတ်မွတ်ခေါင်းပါးမှု ဒါဏ်ခံရသည့် ချင်းလူမျိုးများသည် တပူပေါ်နှစ်ပူဆင့်ဆိုသကဲ့သို့ ကပ်ဆိုးဒါဏ် သာမက စစ်တပ်၏ လူမဆန်သော ရက်စက်မှုဒါဏ်ကိုပါ အလူးအလဲခံစားနေကြရသည်။ ထို့ကြောင့် ချင်းပြည်သူ များအသက်ရှင်ရပ်တည်နိုင်ရေးသည် ချင်းလူမျိုးတည်တံ့ရေးအတွက် အစိပ်အပိုင်းတခုဖြစ်သည်နှင့်အညီ ချင်း လူမျိုးများသာမက ကမ္ဘာ့အသိုင်းအဝိုင်း၏ ကူညီပံ့ပိုးမှုအဆင့်ရောက်လာနိုင်သည့်အထိ ချင်းလူမျိုးအားလုံး ကြိုးစားလုပ်ဆောင်ကြပါရန် တိုက်တွန်းလိုပါသည်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် စစ်အုပ်စု၏ အမိန့်ကြေညာချက် အမှတ် ၁/၂၀၀၈ နှင့် ၂/၂၀၀၈ တို့တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းအပေါ် ယခုနှစ်မေလအတွင်း ပြည်သူ့ဆန္ဒခံယူ ပွဲပြုလုပ်ရန်နှင့် အထွေထွေပါတီစုံ ရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပပြုလုပ်ရန် ထုတ်ပြန်ချက် နှင့်ပါတ်သက်၍ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာဖြစ်သော အမျိုးသားရေးပြဿနာနှင့် ဒီမိုကရေစီရေးပြဿနာကို ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များ၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူး ကိုယ်စားလှယ် ဂမ်ဘာရီ၏ ကြားဝင်စေ့စပ်မှုအစီအစဉ်များ၊ နိုင်ငံတကာအသိုင်းအဝိုင်းက အားပေးနေသော အမျိုးသားပြန်လည်ရင်ကြားစေ့ရေး အစီအစဉ်များကို လစ်လျူရှုပြီး မိမိတို့စစ်အာဏာရှင်စနစ် ထာဝရတည်တံ့ ခိုင်မြဲရေးအတွက် မိမိအလိုကျရေးဆွဲ ပြဌာန်း လိုက်သောဖွဲ့စည်းပုံအခြေခံဥပဒေအားဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံကို ဆက်လက်အုပ်ချုပ်သွားရန် ဆုံးဖြတ်လုပ်ဆောင်နေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စု

Office of the Chairman, Chin National Front, Chinland

မြန်မာနိုင်ငံ၏ ပြဿနာများ ဖြစ်သည့် အမျိုးသားရေးပြဿနာနှင့် ဒီမိုကရေစီရေးပြဿနာကို ဖြေရှင်းနိုင်ရန် ၁၉၉၄ ခုနှစ်မှစ၍ဆက်တိုက် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုပြဋ္ဌာန်းနေသည့်အတိုင်း တိုင်းရင်းသားအုပ်စု၊ ဒီမိုကရေစီ အုပ်စုနှင့် စစ်အုပ်စုများပါဝင်သော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းသာလျှင် အကောင်းဆုံး ဖြစ်ပါဖြင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး ပေါ်ပေါက်လသည့်အထိ ချင်းအမျိုးသားများအားလုံး ချင်းအမျိုးသား တပ်ဦးနှင့်သော်ငင်း မဟာမိတ်များနှင့်သော်ငင်း လက်တွဲကာ ဆက်လက်တိုက်ပွဲဝင်ကြပါရန် တိုက်တွန်းလိုပါ သည်။

ထို့ကြောင့် ကမ္ဘာတည်သရွေ့ ချင်းအမျိုးသားများအမျိုးမပျောက် ဆက်လက်ရပ်တည် ရှင်သန်နိုင်ရေးသည် ချင်းလူမျိုးတိုင်း ချင်းဟူသော အမျိုးသားနာမည်အောက်တွင် ညီညွတ်စွာစုစည်းကြပြီး အမျိုးသား ဂုဏ်အင် လက္ခဏာများကို ရှင်သန်ဖွံ့ဖြိုးစေလျက် မျိုးချစ်စိတ်ဓါတ် အပြည့်အဝဖြင့် (၆၈) ပြည့် ချင်းအမျိုးသားနေ့ကို ရောက်လေရာနေရာဒေသ အသီးသီးတွင် အမျိုးသားနိုင်ငံရေး သတိအပြည့် အနှစ်သာရရှိရှိ ကျင်းပကြပါရန် တိုက်တွန်းယင်း နိဂုံးချုပ်အပ်ပါသည်။

သောမတ်(စ) ထန်နီး

ဥက္ကဋ္ဌ
ချင်းအမျိုးသားတပ်ဦး
ချင်းလဲန်း

Office of the Chairman, Chin National Front, Chinland